# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၅-၁-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့က သင်္ဂဟပဟိုတယ်တွင် မြန်မာ- ဘင်္ဂလားဒေ့ရှ်တို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ အစည်းအဝေးတွင် သဘောတူညီချက် (၈)ချက် ချမှတ်ခဲ့ပြီး၊ အချက်(င)တွင် "မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နိုင်ငံတကာ နယ်နိမိတ်နှင့် မြန်မာပိုင်နက် နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုး အကြားနေထိုင်သူများ"ဟု ဖော်ပြထားပါသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ဟု သုံးနှုန်းသင့်ပါသော်လည်း "နိုင်ငံတကာ နယ်နိမိတ်"ဟု မည်သည့်**

**အတွက်ကြောင့် သုံးစွဲခဲ့ရသည်၊ အကယ်၍ မှားယွင်း သုံးနှုန်းခဲ့သည် ဆိုပါက ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံး ခန့်ထား ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကုသရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ခဲ့သော ညောင်တုန်း ပြည်သူ့ဆေးရုံ (၃)ထပ် လူနာဆောင် အသစ်အား သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ မည်သည့်အချိန်ကာလတွင် ပြီးစီးအောင် တည်ဆောက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်ခရိုင်၊ အထွေထွေ ရောဂါကု ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးတွင် မေ့ဆေးဆရာဝန်ကြီးများ အလျင်အမြန် ခန့်အပ်တာဝန်ပေးရန်နှင့် သူနာပြုဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဆေးဝါးတက္ကသိုလ် များမှ ဘွဲ့ရရှိသူဦးရေ၊ အစိုးရဌာန ပုဂ္ဂလိက လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှု အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းများနေရာတွင် အချိန်မီ ဖြည့်တင်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်ရှိ မကွီအိမ်နူးမြို့ စံကိုက် (၁၆) ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်က **"နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်း ဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **"၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။